နားကော ကျေးရွာ

မိုင်းဆတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈- ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နားကောကျေးရွာ၊မိုင်းဆတ်မြို့နယ်

(မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ဇွန်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **နားကောကျေးရွာသယံဇာတပြမြေပုံ၊မိုင်းဆတ်မြို့နယ်** | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာမီးလင်းရေး | |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | |
| ၈။ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | |
| | နော်ကဆက်တွဲ (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောသမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအကြီးအကဲ(သူကြီး)နှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်၍စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင် တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှု အခြေအနေများကိုဆန်းစစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကိုအဓိက ထားဖော်ပြပါသည်။

ဇွန်လ၊၂၀၁၈

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**နားကောကျေးရွာ**
**မိုင်းဆတ်မြို့နယ်**

နားကောကျေးရွာ သယံဇာတပြမြေပုံ၊ မိုင်းဆက်မြို့နယ်



## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နားကောကျေးရွာသည် မိုင်းဆတ်မြို့နယ်နှင့် မြို့ပတ်လမ်း၊ မယ်ဆတ်ကျေးရွာသို့ သွားသော ကားလမ်းဘေး တွင်တည်ရှိသည်။ စီးပွားရေးအရ အချက်အခြာကျသော မိုင်းဆတ်ခရိုင် မြို့နှင့် (၁)မိုင်သာ ကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရ လွယ်ကူ သည်။ ကျေးရွာတည်ရှိရာနေရာသည် မြေပြန့်ဒေသ ဖြစ်ပါသည်။ အရှေ့ဖက်တွင်ဝိန်းဝိုင်ကျေးရွာရှိပြီး၊ အနောက်ဖက်တွင် မယ်ဆတ်ကျေးရွာ ရှိသည်။ တောင်ဖက်တွင် နောင်ပါကော် ကျေးရွာနှင့် မယ်ဆတ်ချောင်းရှိပြီး၊ မြောက်ဖက်တွင် နှစ်ရှည်ပင်စိုက်ပျိုးခြံများရှိသည်။ အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန် ၄၈ လက္မ ကျော်ရရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူ ပြုသည်။ ကျေးရွာတွင် လယ်မြေသည် တောင်ယာမြေ ထက်ပိုများသည်။ ၎င်းတောင်ယာမြေ များသည် စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် အခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အဓိက အားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏ တောင်ဖက်တွင် မယ်ဆတ်ချောင်းရှိသဖြင့် သဲ၊ ကျောက်များ အနည်းငယ် ထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေများသည် မြေဆီအသင့်အတင့် ကောင်းမွန် ပါသည်။စိုက်ပျိုးမြေကေမှာ လယ်မြေ(၁၂၃.၅)ကေနှင့် တောင်ယာမြေ (၂၁၈)ကေခန့်ရှိပြီး မိုးစပါး၊ ပြောင်းနှင့်ဆောင်းသီးနှံများကို အဓိကစိုက်ပျိုးသည်။ ကျေးရွာအနီးဝန်းကျင်တွင် သဘာဝ တွင်းထွက်သယံဇာတများ မထွက်ရှိပါ။ ကျေးရွာ၏ မြောက်ဖက်တွင် ရာဘာပင်၊ သစ်ခေါက်ပင် နှစ်ရှည်ပင်များ စိုက်ပျိုးကြပါသည်။ ရေပိုက်သွယ်ယူမည့်နေရာသည် ရွာနှင့်(၃/၀)မိုင်ခန့် ကွာဝေးသောနေရာ ရေထွက်အရင်းအမြစ် ရှိပါသည်။ ကျေးရွာတွင် သောက်သုံးရေကို စိမ့်စမ်းရေသွယ်ယူ အသုံးပြုပြီး မိုးရာသီတွင် တောတောင်များမှ ဖြတ်သန်းစီးဆင်းလာသဖြင့် ရေကောင်းရေသန့် မရရှိပါ။ စိမ့်စမ်းရေသည် နွေရာသီတွင် ခန်းခြောက်မှုမရှိသော်လည်း သောက်သုံးရေ လုံလောက်မှုမရှိပါ။ စားကျက်မြေ သီးသန့် မရှိသော်လည်း တိရစ္ဆာန်များကို လယ်ကွက်များထဲတွင် လွှတ်ကျောင်းမွေးမြူ စနစ်ဖြင့် မွေးမြူကြပါသည်။ အနီးပတ်ဝန်းကျင်တွင် သဘာဝသစ်တောနှင့် တောတောင်များမရှိသဖြင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော တောဝက်၊ ချေယုန်၊ တောကြက်၊ မြွေအမျိုးမျိုး နှင့် အခြားဆေးဘက်ဝင်အပင်များကိုလည်း မတွေ့ရှိရပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က)လူဦးရေဆိုင်ရာအချက်အလက်များ

နားကောကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၇)စုနှင့် ကျား(၂၆၃)၊ မ(၂၈၂)ဦးဖြင့် လူဦးရေပေါင်း(၅၄၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၀၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅) ဦးနှင့် အနီးစပ် ဆုံးတူညီပါသည်။ ကျေးရွာတွင် လားဟူ၊ ရှမ်း၊ ဗမာ၊ လူမျိုးများနေထိုင်ကြပြီး လူမျိုးနွယ်စု အများစုမှာ လားဟူလူမျိုး များဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ခရစ်ယာန် ဘာသာဝင်များဖြစ်ပြီး ကျန်အိမ်ထောင်စုများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ အလုပ်လုပ် နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ (၄၄.၀၃%)ရှိပြီး အမျိုးသမီးများနှင့် အမျိုးသားအရေအတွက်မှာ အနီးစပ်ဆုံးတူညီပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေများ သောကြောင့် အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက် အကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၆% သည် ချမ်းသာသည့်အဆင့်၊ ၅၇% သည် အလယ်အလတ်အဆင့်နှင့် ၃၇% သည် ဆင်းရဲသောအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုများ ကျေးရွာတွင် မရှိကြပါ။ ချမ်းသာသော အိမ်ထောင်စု များသည် စိုက်ပျိုးမွေးမြူနှင့် ပစ္စည်းဟောင်း ရောင်းဝယ်ခြင်းကဲ့သို့သော လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ပန်းရံလက်သမား လုပ်ကိုင်သော အိမ်ထောင်စုအများစုတွင် ပုံမှန်ဝင်ငွေမရရှိသောကြောင့် လက်လှမ်းမီရာ ကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် လယ်မြေ/တောင်ယာမြေ များအသင့်အတင့်ရှိပြီး စပါးစိုက်ပျိုးခြင်း လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးဆိုင် ရောင်းလုပ်ငန်းများတွင် လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ အဆင်ပြေနှင့် အလယ်အလတ်အိမ်ထောင်စုများမှာ သူတပါး ထံမှ မချေးမငှါးပဲ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံကြသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ တစ်နှစ် ပတ်လုံး ဝမ်းစာဖူလုံခြင်းမရှိသောကြောင့် ဆွေမျိုးမိတ်ဆွေ များထံမှချေးယူ၍ဖြေရှင်းကြကြောင်း တွေ့ရသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ကျေးရွာတွင် မရှိသလောက်ဖြစ်ပြီး သစ်တော ပြုန်းတီးမှု၊

တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့် လယ်ယာမြေအရင်းအမြစ်ရှားပါးမှုမှာ ထိခိုက်လွယ်မှု အသင့်အတင့်တွေ့ရပါသည်။ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများအတွက်အုပ်စုအလိုက်ခွဲခြား သတ်မှတ်ရာတွင်လည်း လူငယ်များတွင် မူးယစ်ဆေးဝါးအန္တရာယ်သည် ကြီးမားသော စိန်ခေါ်မှု တစ်ရပ် အဖြစ် ရှိနေခဲ့/ဆဲဖြစ်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာတွင်း၌ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ သာမန်ရောဂါများကို ကျေးရွာနှင့် (၁)မိုင်ခန့်ဝေးသော မယ်ဆတ်ကျေးရွာ ဆေးပေးခန်းတွင် ကုသလျက်ရှိပြီး ကြီးမားပြင်းထန်သော ရောဂါအတွက် (၃)မိုင်ခန့်ကွာဝေးသော မိုင်းဆတ်ပြည်သူ့ဆေးရုံ၊ ကုတင်(၁၀၀)စစ်တပ်ဆေးရုံတွင် ကုသကြပါသည်။ ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာတွင် ရေတွင်း၊ စိမ့်စမ်းရေ ကို မိုးရာသီနှင့် ဆောင်းရာသီတွင် အလွယ်တကူ လုံလောက်စွာရနိုင်ကြသော်လည်း နွေရာသီတွင် ရေတွင်းအချို့ခမ်းခြောက်တတ်ပြီး ရေကို ချွေတာ အသုံးပြုကြ ရပါသည်။ ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွါးမှုများ နည်းပါးသော်လည်း ရာသီအကူး အပြောင်းတွင် ကိုယ်လက်ကိုက်ခဲခြင်း၊ ဖျားနာခြင်းများ ဖြစ်ပွားမှုများသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိ ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ယခုချိန်ထိ ဘွဲ့ရရှိပြီးသူ (၁၀)ဦးခန့်သာရှိပြီး အမျိုးသမီး(၆)ဦး၊ အမျိုးသား (၄)ဦး ဖြစ်ကြပါသည်။ သက်ကြီးရွာသားအများစုသည် ဘာသာစကားအခက်အခဲ၊ ငွေကြေးအခက်အခဲနှင့် မိဘများ၏ ပံ့ပိုးမှုအားနည်းခြင်းများကြောင့် အတန်းပညာတတ်ကျွမ်းမှု အားနည်းခဲ့ကြရပါသည်။ ကျေးရွာ တစ်ရွာလုံး အဓိကအသုံးပြုသော ဘာသာစကားမှာ လားဟူစကားဖြစ်ပြီး ဗမာစကားကို နားလည်သူ များလဲ အနည်းငယ် ရှိကြပါသည်။ ကျေးရွာသားအများစသည် မိရိုးဖလာ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းကိုသာ လုပ်ကိုင်ကြရပြီး အဆင့်မြင့်စက်မှုလယ်ယာ များအထွက်နှုန်းကောင်း သော မျိုးသီးနှံ များနှင့် ခေတ်မီစက်မှုနည်း ပညာများအား လက်လှမ်းမီမှု အားနည်းကြပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာတတ်ဦးရေ နည်းပါးသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းပညာရေးကို ရွာရှိ ကျေးရွာအလယ်တန်းကျောင်းတွင် တက်ရောက်သင်ကြား နိုင်ကြ သည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆရာ/ဆရာမ(၁၃)ဦးနှင့် ကျောင်းသား/သူ (၄၀၅)ဦး ရှိပါသည်။ အထက်တန်းပညာရေးအတွက် ရွာနှင့် (၂)မိုင်ခန့်ကွာဝေးသည့် မိုင်းဆတ်မြို့သို့ စက်ဘီး၊ ဆိုင်ကယ်များဖြင့် တက်ရောက်ကြပါသည်။

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆိုင်ရာကျွမ်း ကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်းပါးဆဲဖြစ်သည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

မိသားစုအတွင်း ကျား/မတို့၏အခန်းကဏ္ဍမှာ အမျိုးသားများကသာ ဦးဆောင်၍ ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအရေးကိစ္စများတွင်လည်း အမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကို ပြုစုထိန်းကျောင်းခြင်းအပြင် အိမ်၏စားဝတ်နေရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လည်းဝင်ရောက် လုပ်ကိုင်ကြသည်။ ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားနှင့်မ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေ ဇယားပါကိန်းဂဏန်းများအရ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများတွင် အမျိုးသမီးများကျောင်းတက်မှု ပိုများသည်ကိုတွေ့ရသည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် ပန်းရံလုပ်ငန်းခွင်တွင် တစ်နေ့လုပ်အားခအဖြစ် အမျိုးသားများက (၆၀၀၀)ရရှိပြီး အမျိုးသမီးများမှာ (၄၅၀၀)သာ ရရှိကြပါသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးများပါဝင်မှုမရှိကြောင်း တွေ့ရပါသည်။ အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၁)ဖွဲ့၊ ကျန်းမာရေးအဖွဲ့ (၁)ဖွဲ့၊ စီးပွါးရေးဆိုင်ရာ (၁)ဖွဲ့နှင့်ကျေးရွာလုံခြုံရေးအဖွဲ့(၂)ဖွဲ့ တို့ရှိသည်။ လူမှုရေးအဖွဲ့ဖြစ်သော ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့သည် ကျေးရွာ၏လူမှုရေး၊ သာရေးနာရေးကိစ္စများအတွက် လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေ ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် စီးပွါးရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာသူ၊ ကျေးရွာသားများဖြင့်ဖွဲ့စည်းထားသော မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့ရှိပြီး ကျေးရွာ သားအများစုမှာ ၎င်းအဖွဲ့တွင်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများ

မှာတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပြောင်းကို အဓိကထား စိုက်ပျိုးကြပြီး စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ(၇၀)တင်း ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင် ကြပြီး တောင်သူအများစုသည် စိုက်ပျိုးချိန်တွင်တစ်ပြိုင်နက်တည်း စိုက်ပျိုးကြပါသည်။ စိုက်ပျိုး လုပ်ကိုင်ကြသော အိမ်ထောင်စုအများစုမှာ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပြီး လုပ်သား ငှားရမ်းမှု နည်းပါးပါသည်။ ကျွဲ၊ နွားများကို လယ်ယာလုပ်ငန်းခွင်တွင် စေခိုင်းရန်အတွက် မွေးမြူခြင်း မဟုတ်ဘဲ ရောင်းချစားသောက်ရန်သာ မွေးမြူကြပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုရာတွင် မြေဆီလွှာကို တူးဆွခြင်းမပြုဘဲ မျိုးစေ့များကို ဆူးထိုးစနစ်ဖြင့် စိုက်ပျိုးကြပြီး ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးကို သုံးစွဲသော အလေ့အကျင့်များလာသောကြောင့် မြေဆီလွှာအရည်အသွေးထိခိုက်မှုရှိလာပြီး သီးနှံအထွက်နှုန်းလည်း ကျဆင်းလာပါသည်။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ အနေဖြင့် အသေးစားထွန်စက်(၂၀)၊ လက်တွန်းထွန်စက် (၂၂)လုံးပိုင်ဆိုင်ပြီး လယ်စပါးစိုက်ပျိုးရေးတွင် အသုံးပြုကြပါသည်။ကျေးရွာတွင် နွား(၁၅၇)ကောင်၊ ဝက် (၂၆၇)ကောင်၊ ကျွဲ (၂၄၃)ကောင် လက်ရှိမွေးမြူထားပြီး မိသားစုဝင်ငွေအား တစ်ဖက် တစ်လှမ်းမှ အထောက်အပံ့ ပြုနေပါသည်။မိုင်းဆတ်မြို့နှင့် နီးကပ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် အသား ဈေးကွက်အား အလွယ်တကူ လက်လှမ်းမီပါသည်။ဒေသကြက်ကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း ရာသီအလိုက် ဖြစ်ပွါးတတ်သော ရောဂါများကို မထိန်းချုပ် နိုင်သောကြောင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်ရန် မဖြစ်နိုင်သေးပါ။သောက်သုံးရေလုံလောက်စွာ ရရှိပြီး စားကျက်အဖြစ် အသုံးပြုနိုင်သော မြေလွတ်မြေရိုင်းများနှင့် ကုန်းမြင့်တောင်စောင်းများ ပေါများခြင်းကြောင့် ကျွဲမွေးမြူရေးလုပ်ငန်းမှာ တဖြည်းဖြည်းချင်း ကျယ်ပြန့်လာပြီး ကျေးရွာ၏ အဓိကလုပ်ငန်း တစ်ခုဖြစ်လာနိုင်ပါသည်။ ကျေးရွာအနီးတွင် မြစ်၊ အင်း၊ အိုင်များမရှိသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှအပ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးဆိုင်ရောင်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ကျောင်းဆရာမ/ အစိုးရဝန်ထမ်းတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့

၁၀,၀၀၀/- ကျပ် ရနိုင်ကြသည်။ စပါးရိတ်သိမ်းချိန်များတွင် တစ်နေ့လုပ်အားခကို ပျမ်းမျှ ၅,၀၀၀/- ရနိုင်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည့်အပြင် လုပ်ငန်း အတွေ့အကြုံကောင်းလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု နည်းပါးပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံ အထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ်တကူ ရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ တောင်ယာစိုက်ပျိုးရေး လုပ်ငန်း တွင် ပေါက်တူး/ပေါက်ပြား အသုံးပြုမှု နည်းပါးလာပါသည်။ တောင်ယာခုတ်၍ တောမီး ရှို့ပြီး(၂)ပတ်အကြာတွင် စတင်မျိုးစေ့ချမြေဖုံးပြီး ပေါင်းသေ ဆေးဖြန်းပါသည်။ ရိတ်သိမ်းချိန် မတိုင်မီအထိ ပေါင်းသတ်ဆေး(၃)ကြိမ်ခန့် အသုံးပြုသောကြောင့် မြေဆီလွှာနှင့် သဘာဝပတ်ဝန်း ကျင်ကို တဖြည်းဖြည်းချင်းထိခိုက်လာသော်လည်း လူထုအနေဖြင့် သမာရိုးကျ အလေ့အကျင့် အနေဖြင့် ဆက်လက်ကျင့်သုံးနေကြပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဗူးခွံများ၊ သံတိုသံစများကို စုစည်းပြီး တာချီလိတ်၊ တောင်ကြီးများသို့ ပို့သောကုန်သည်များထံတွင် ရောင်းချကြပါသည်။ ကျွဲ၊ နွားများကို လွှတ်ကျောင်းစနစ်ဖြင့်သာ မွေးမြူသောကြောင့် မစင်အညစ်အကြေးများကို စနစ်တကျစုဆောင်း၍ စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာအဖြစ် အသုံးပြုသော အလေ့အကျင့်မရှိကြပါ။ ကျေးရွာတွင် မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။ မြစ်ချောင်းကြီးများ မရှိသောကြောင့် ရေကြီးရေလျှမ်းခြင်း ဘေးမှလည်းကင်းဝေးသည်။ မိုးဦးကျကာလတွင် လေနီကြမ်းတိုက်ခတ်မှု၊ နွေရာသီတွင် တောမီးလောင်ကျွမ်းမှုမှ တစ်ဆင့်ကူးစက်နိုင်သည့် ဘေးအန္တရာယ်သာ တခါတရံတွင်ကြုံတွေ့ရတတ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ကျေးရွာအတွက် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ရရှိခဲ့ပြီး မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့ လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာသား/သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ထုတ်ချေးပေးပါသည်။ လက်ရှိတွင် ငွေချေးသူ ၄၀ဦးရှိပြီး အတိုးနှုန်းတစ်လလျှင် ၁ %ဖြင့် တစ်နှစ်တာ ချေးခွင့်ပြုထားသည်။ ကျေးရွာသားများအနေဖြင့်

အခြားဒေသများသို့ ငွေသွင်းငွေလွှဲပြုလုပ်နိုင်ရန်မိုင်းဆတ်မြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ KBZ ဘဏ်နှင့် wave money ၊ mobile banking စနစ်များဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလယ်တန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း အလယ်တန်း ပညာကိုသင်ယူနိုင်ကြသည်။ ကျောင်းဆောင်စုစုပေါင်းမှာ (၄)ဆောင်သာလျှင် ရှိပါသည်။ ကျောင်းသားဦးရေများပြားလာပြီး လက်ရှိကျောင်းဆောင်ဖြင့် လုံလောက်မှု မရှိတော့သဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် လိုအပ်နေပါသည်။ အစိုးရမဟာဓါတ်အားလိုင်းမှ အိမ်တိုင်းမီးသွယ်ယူ ရရှိပြီးဖြစ်ပါသည်။သောက်ရေအတွက် စိမ့်စမ်းရေ၊ တွင်းရေကိုသုံးစွဲကြပြီး တစ်နှစ်ပါတ်လုံး/ မိုးတွင်းကာလသာ လုံလောက်မှုရှိသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ (၅၀%)သာသုံးစွဲကြပြီး(၅၀%)သည် တွင်းအိမ်သာများသာသုံးစွဲသောကြောင့် ရွာလုံးကျွတ်ယင်လုံ အိမ်သာသုံးစွဲနိုင်ရန် အိမ်သာခွက်အလုံး(၅၀)တင်ပြတောင်းခံထားပါသည်။ ကျေးရွာတွင် ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါများ မိုးရာသီနှင့် နွေရာသီတို့တွင် ဖြစ်ပွား လေ့ရှိပြီးကြီးမားသောပြဿနာမရှိပါ။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာရှိသော်လည်း ကျောင်းအိမ်သာ (၅)ခန်းတွဲ တစ်လုံးလိုအပ်နေပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ကျေးရွာတွင် ဘောလုံးကွင်းရှိသော်လည်း အဆင့်မီမှုမရှိသောကြောင့် လူငယ်အများစုမှာ မြို့ပေါ်ရှိ ဘောလုံး အားကစားကွင်းသို့ သွားရောက်၍ ရံဖန်ရံခါကစားကြပါသည်။ လူငယ်များသည် ကျေးရွာရှိ လူမှုရေး/ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး နှစ်စဉ် ဇန်နဝါရီလတွင် ကျရောက်လေ့ရှိသော လားဟူနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်မူ မြောင်းတူး/လမ်းပြင်ခြင်း စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။ ကျေးရွာရှိအရွယ်ရောက်သော လူငယ်များအတွက် မူးယစ်ဆေးဝါး အန္တရာယ် စိန်ခေါ်မှုမှာ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိပြီး ကင်းဝေးလိုသော စိတ်ဆန္ဒ များရှိကြသော်လည်း အနီးပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးများ အလွယ်တကူ ရရှိနိုင်သောကြောင့် ကျေးရွာလူငယ်ထုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေဆဲ ဖြစ်ပါ သည်။

**(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် မိုင်းဆတ်မြို့ပတ်လမ်း ကတ္တရာလမ်းဘေးတွင် တည်ရှိပါသည်။ ကျေးရွာရှိ ရွာတွင်းလမ်းပေါ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄–၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် နားကော–မယ်ဆတ်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် ဂါလံ(၃၀၀၀)ဆံ့အုတ်ရေကန် တစ်လုံးတည်ဆောက်ပေးခဲ့ပါသည်။ ရွာတွင်းလမ်းများမှာ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ နှင့်မြေသားလမ်း များဖြစ်ကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်ကောင်းမွန် ကြောင်း တွေ့ရှိရပါသည်။ MPT, Ooredoo, telenor ဆက်သွယ်ရေးကွန်ယက်များ အလွယ်တကူလက်လှမ်းမီ၍ အင်တာနက်နှင့် ဖုန်းလိုင်းအကောင်းဆုံး မှာ MPT ဖြစ်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မူးယစ်ဆေးသုံးစွဲသူအချို့ကြောင့် ကျေးရွာနေအိမ်ရှိ ပစ္စည်းများမှာ ပျောက်ရှမှုရှိပါသည်။ ကျေးရွာသည် အစိုးရစစ်တပ်ဖြစ်သော ခမရ(၂၇၈)တပ်ရင်း၊ မြို့နှင့်(၂)ခန့်ဝေးသော မြို့မရဲစခန်း၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူ့စစ်တပ်ဖွဲ့ နီးကပ် သောကြောင့် ငြိမ်းချမ်းမှုရှိပါသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်အသုံးပြုနိုင် ပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

နားကောကျေးရွာသည် မြေပြန့်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအရ အထူးကောင်းမွန်မှုရှိပြီး၊ တစ်နှစ်ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။ နားကောကျေးရွာနှင့်အနီးဆုံးဈေးမှာ (၂) မိုင်ခန့် ကွာဝေးသည့် မိုင်းဆတ်မြို့မဈေးဖြစ်ပြီး လူသုံးကုန်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးစသည်တို့စုံလင်စွာ ဝယ်ယူရရှိနိုင်ပေသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်တွင် အသုံးဝင်ခြင်းနှင့် ဖုန်းအားသွင်းခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်းတို့ကြောင့် လိုအပ်သော သတင်းအချက်အလက်များရရှိကာ လူနေမှု အဆင့်အတန်းမြင့်မားလာပါသည်။ လူဦးရေအားလုံး၏ (၄၄.၀၃)%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်သောကြောင့် လူ့စွမ်းအားအရင်းအမြစ် အားကောင်းကာ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် များစွာအထောက်အကူပြုနိုင်ပါသည်။

ဘွဲ့ရအရေအတွက် အမျိုးသမီး (၆)ဦး၊ အမျိုးသား(၄)ဦးရှိပြီး ကျေးရွာရှိ အမျိုးသမီးထုအတွက် ခေါင်းဆောင်နိုင်မည့် ခေတ်မီပညာတတ် များဖြစ်ကြပါသည်။ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ် များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများလည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း မိုင်းဆတ်ပြည်သူ့ ဆေးရုံနှင့် စစ်တပ်ကုတင်(၁၀၀) ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ပုံမှန်လည်ပတ်လျက်ရှိပြီး ယခုအခါ အဖွဲ့ဝင်ဦးရေ (၄၀)ဦး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်များလုပ်ကိုင်နိုင်ရန် များစွာ အထောက်အပံ့ဖြစ်စေပါသည်။ စိုက်ပျိုးရေးနည်းပညာများအတွက် မိုင်းဆတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်ကျန်းမာရေးအတွက် တိမွေး/ကုဌာန တွင်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။ တောင်သူများလည်း လယ်ယာထွက်ကုန် များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ စပါး၊ ပြောင်း တို့ကိုအဓိက စိုက်ပျိုးပါသည်။ မိုင်းဆတ်မြို့သည် ရွှေတြိဂံမြို့ဖြစ်သော တာချီလိတ်မြို့နှင့် (၆၂)မိုင်အကွာတွင်ရှိပြီး ကုန်းလမ်းအနေဖြင့် ဆက်သွယ်သွားလာနိုင် သကဲ့သို့မိုင်းဆတ်လေဆိပ်မှ ရန်ကုန်၊ ဟဲဟိုး ၊ တောင်ကြီးမြို့များသို့ ဆက်သွယ်သွားလာနိုင်ပါသည်။ ထိုင်း၊ လာအို၊ တရုတ်နယ်စပ်များနှင့် နေ့ချင်းသွားလာနိုင်ပြီး အသားဈေးကွက် အခိုင်အမာရှိ သောကြောင့် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းမှာ ကျေးရွာအတွက် အဓိကအားထားရာ ဝင်ငွေရလုပ်ငန်း တစ်ခုဖြစ်ပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာသည် မိုင်းဆတ်မြို့နယ်နှင့် (၂)မိုင်အကွာတွင် တည်ရှိသောကြောင့် လုံခြုံရေးအရ စိုးရိမ်မှုမရှိပါ။ လားဟူလူမျိုးအများဆုံးနေထိုင်ပြီး မိရိုးဖလာ လားဟူစကားသာ အသုံးပြု ကြသောကြောင့် မြန်မာအတန်းပညာသင်ကြားရာတွင် အတိုင်းအတာတစ်ခုထိ အခက်အခဲ ရှိပါသည်။ ဘာသာစကားတတ်ကျွမ်းမှုမှာလည်း ဗမာစကားပြောနိုင်သူ အနည်းငယ်သာ ရှိကြပါ သည်။ ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် အနည်းငယ်အားနည်း ကြောင်းတွေ့ရှိရသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကို အသုံးပြုကြသောကြောင့် သစ်တောများ တဖြည်းဖြည်းပြုန်းတီးလာပြီး စိမ့်စမ်းရေများလည်း ခမ်းခြောက်လာပါသည်။ ကျွဲချေးကဲ့သို့သော သဘာဝမြေဩဇာများ အသုံးပြုမှုမရှိခြင်း၊ ဓါတုမြေဩဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံ အသုံးပြုခြင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသော အလေ့အကျင့်ကောင်းများအပေါ်တွင် စိတ်ဝင်စားမှု

အားနည်းခြင်းတို့ကြောင့် ရေရှည်တွင် သဘာဝဆိုးကျိုးများ၏ စိန်ခေါ်မှုများ ကြုံတွေ့နိုင်ပါသည်။ တိရစ္ဆာန်များ မွေးမြူရာတွင်လည်း လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြ သောကြောင့် ရောဂါကျရောက်သောအခါ ထိန်းချုပ်ရန်ခက်ခဲခြင်း၊ တိရစ္ဆာန်များ ပျောက်ဆုံးမှု ရှိခြင်းများ ကြုံတွေ့ရပါသည်။ ကျေးရွာရှိစာသင်ကျောင်းတွင် ကျောင်းဆောင်အချို့မှာ ပျက်စီးမှုရှိနေပြီး ကျောင်းသားကျောင်းသူများအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန် အခက်အခဲရှိပါသည်။ ကျေးရွာသားအချို့သည် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေး ဝမ်းကျောင်းပြုသောကြောင့် သားသမီးပညာရေးအတွက် အခြေအနေကောင်းများ ဖန်တီး၍မရပါ။ ကျေးရွာတွင် လူငယ်အများစုရှိသော်လည်း အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ အားနည်းနေသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေပါသည်။ ပြင်ပကျေးရွာ များမှ အလွယ်တကူရရှိနိုင်သော မူးယစ်ဆေးဝါးအန္တရာယ်မှာ ကျေးရွာရှိ လူငယ်ထုအတွက် အဓိက စိန်ခေါ်မှုတစ်ရပ် ရှိနေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းပညာများကို ရယူ၍ စိုက်ပျိုး မွေးမြူရေးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ခြင်းအားဖြင့် ကျေးရွာ၏ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေး အနေအထား ကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ကျေးရွာသည် ကျောင်းဆောင်သစ်များတိုးချဲ့ဆောက်လုပ်ခြင်း၊ ကျောင်း ခြံစည်းရိုးကာခြင်း၊ မြေထိန်းနံရံဆောက်လုပ်ခြင်း၊ ကျောင်းယင်လုံအိမ်သာ ဆောက်လုပ်ခြင်းအားဖြင့် ပညာရေးဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦ များကို တိုးတက်ကောင်းမွန်လာပြီး ကျေးရွာသူ၊သားများ၏ ပညာရည်မြင့်မားလာ၍ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝ တိုးတက် ကောင်းမွန်လာစေရမည်။

(၃) ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်များအတွက် အားကစားကွင်းများ၊ အသက်မွေး ဝမ်းကျောင်းဆိုင်ရာသင်တန်းများ စီစဉ်ဆောင်ရွက်ပေးပြီး စာကြည့်တိုက်များ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းခြင်းနှင့် ပတ်သက်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ၏ အနာဂတ်၊ နားကောကျေးရွာ၏ အနာဂတ် ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆက်လက်ချီတက်၍ လုပ်ဆောင်သွား မည်ဖြစ်ပါသည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင်အရင်းအနှီးငွေနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက် ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။

(၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက်ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်း များထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။

(၃) ကျေးရွာတွင် စံချိန်မီသော စာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင်ပစ္စည်းများ အလုံအလောက်ရရှိအောင် ဆောင်ရွက်သွားမည့်အပြင် ကျောင်းယင်လုံအိမ်သာ ခြံစည်းရိုး နှင့် မြေထိန်းနံရံတို့ကိုလည်း ထပ်မံတည်ဆောက် သွားပါမည်။

(၄) ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည် ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

(၅) လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း များ၊ စာကြည့်တိုက်များရရှိအောင်ဆောင်ရွက်ပါမည်။ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ဟောပြောပွဲများ ကျင်းပသကဲ့သို့ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကွင်းများ ဆောက်လုပ်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စံချိန်မီစာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

ကျေးရွာအလယ်တန်း စာသင်ကျောင်းဆောင်များမှာ အနည်းငယ်ဟောင်းနွမ်းနေပြီး၊ အရည် အသွေးပိုင်းတွင်အားနည်းမှုရှိသကဲ့သို့ ကျောင်းအိမ်သာ၊ ခြံစည်းရိုးမှာလည်း အဓိကလိုအပ် လျက်ရှိပါသည်။ စံချိန်မီသောစာသင်ကျောင်း ဆောင်တစ်ဆောင်ဖြစ်မြောက်ရန်နှင့် လုံခြုံအေးချမ်း စွာ ပညာသင်ကြားနိုင်သည့် ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနဖြစ်သော မြို့နယ်ပညာရေးဌာနမှ တာဝန်ယူဆောင်ရွက်ပေးစေချင်ပါသည်။

## (ဂ) လူငယ်နှင့် အားကစား

လူငယ်များအတွက် အားကစားကွင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများ ၊ စာကြည့်တိုက်များ၊မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းခြင်းနှင့် ပတ်သက်သောအစီအစဉ်များ ကို ချမှတ်ဆောင်ရွက်ပေးနိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီး ဌာနတို့မှ ဆောင်ရွက်ပေးစေလိုပါသည်။

## (ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

နားကောကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက် ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အိမ်ထောင်စောကျခြင်း၊ အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း ဖြင့်အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာ လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပန်းအဖြစ်လုပ်ကိုင်စား သောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှသက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါး မကျပါကပြောင်းလဲမှု သိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင် –

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် |
|---|---|---|---|---|
| *ပညာရေး* | ၁။မူကြိုကျောင်းဆောင်ရွက်ရန် | ၄၅ | ၄ | |
| **အခြေခံအဆောက်အဦ** | ၁။လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် | ၅၆ | ၃ | |
| | ၂။ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၈၀ | ၁ | |
| | ၃။ကျောင်းခြံစည်းရိုးကာရန်ခြင်း | ၅၈ | ၂ | |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေး** | ၁။စိုက်ပျိုးမွေးမြူရေးနည်းပညာနှင့်အသက်မွေးနည်းပညာပေးသင်တန်း | ၃၄ | ၆ | |
| | | | | |
| **လူငယ်နှင့်အားကစား** | ၁။ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် | ၄၁ | ၅ | |
| | ၂။မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးပြောပွဲ | ၂၅ | ၇ | |
| | ၃။ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန် | ၂၁ | ၈ | |

| စဉ် | စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | စိုက်ပျိုးမွေးမြူရေးနည်းပညာနှင့်အသက်မွေးနည်းပညာသင်တန်း | ၆ | | | | ✓ | |
| ၃ | ကျောင်းခြံစည်းရိုးကာရန်ခြင်း | ၂ | | ✓ | | | |
| ၄ | မူကြိုကျောင်းဆောက်လုပ်ရန် | ၄ | | | ✓ | | |
| ၅ | လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် | ၃ | | ✓ | | | |
| ၆ | ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် | ၅ | | | | ✓ | |
| ၇ | မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးပြောပွဲ | ၇ | | | | ✓ | |
| ၈ | ကျန်းမာရေးဟောပြောပွဲများပြုလုပ်ရန် | ၈ | | | | | ✓ |

**နောက်ဆက်တွဲ(၁)**

## နားကောကျေးရွာ၊ကျတီကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစောဂျော်နီမိုး | ဦးမိုးရွှေ | ၁၃/တကန(နိုင်)၁၈၆၄၇၈ | | ဥက္ကဋ္ဌ | ၀၉-၈၈၉၄၄၁၃၁၇ |
| ၂ | ဦးစိန်မ | ဦးကျမူး | ၁၃/မဆန(နိုင်)၀၁၆၃၀၅ | | အတွင်းရေးမှူး | ၀၉-၇၉၅၆၉၂၅၅၇ |
| ၃ | ဒေါ်အဲမိ | ဦးကျထီး | ၁၃/မပတ(နိုင်)၀၀၃၇၆၇ | | ဘဏ္ဍာထိန်း | ၀၉-၈၈၁၂၇၃၃၉၁ |
| ၄ | ဒေါ်နာမီရှော | ဦးယောဟန် | ၁၃/မဆန(နိုင်)၀၁၆၃၂၉ | | သော့ကိုင်(၁) | ၀၉-၂၅၁၀၀၃၇၈၇ |
| ၅ | ဒေါ်ခင်ကြည်လှိုင် | ဦးကျအူ | ၁၃/မဆန(နိုင်)၀၂၂၅၂၇ | | သော့ကိုင်(၂) | ၀၉-၄၂၃၅၅၈၈၁၁ |
| ၆ | ဒေါ်နာအီခမ်း | ဦးစိုင်းမောင် | ၁၃/မဆန(နိုင်)၀၂၂၄၁၃ | | စာရင်းကိုင် | ၀၉-၄၅၆၁၈၂၆၁၁ |
| ၇ | ဒေါ်နန်းစံယုန် | ဦးရွှေဘ | ၁၃/မဆန(နိုင်)၀၄၆၁၂၉ | | စာရင်းစစ် | ၀၉-၄၂၈၂၁၄၅၁၇ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၆ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၂၇ | ၄၃ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၄၀ | ၇၂ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၂ | ၃၆ | ၇၈ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၈ | ၁၇၀ | ၃၂၈ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၇ | ၁၅ |
| **စုစုပေါင်း** | | ၂၆၃ | ၂၈၆ | ၅၄၉ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၁၀၇ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။– နားကောကျေးရွာတွင် (၂၁.၅.၂၀၁၈)ရက်နေ့ လူဦးရေဆိုင်ရာအချက်အလက်များ စစ်တမ်းကောက်ယူမှုအရ (၁၅)နှစ်အထက်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သည့် အရွယ်(၃၂၈)ယောက်ရှိပြီး (၅၉.၇၅%)ရှိပါသည်။ အိမ်ထောင်စု(၁၀၇)စုရှိပြီး တစ်အိမ် ထောင်စု၏ ပျမ်းမျှလူဦးရေမှာ (၅)ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသော တစ်အိမ်ထောင်စု ပျှမ်းမျှလူဦးရေ(၅)ဦးနှုန်းနှင့် ထပ်တူကျပါသည်။ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်ဖြစ်သော ၁၅ နှစ်မှ ၆၄ နှစ်ကြား များပြားနေသောကြောင့် ကျေးရွာ တွင် လူသားအရင်းအမြစ်အားသာချက်ရှိပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးဦးရေအချိုးမှာ အနီးဆုံးတူညီပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ–၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၃ | ၁၇၃ | ၁၄ | မြင့်✓လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၉ | ၄၅ | မြင့်✓လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်✓ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်လတ်□နိမ✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်နိမ့်✓ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်□လတ်နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်✓ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်✓ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ✓ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်✓ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြုပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၃ | ၀ | မြင့်☐လတ်✓☐နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၆ | မြင့်☐လတ်☐နိမ့်✓ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | ၀ | မြင့်☐လတ်✓နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ✓ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | စုစုပေါင်း | | | | မြင့်လတ်နိမ့်✓ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။- ကျေးရွာတွင် အိမ်ခြေစုစုပေါင်း( ၁၀၇)အိမ်ရှိပြီးအနက် အိမ်ခြေ(၈၃)အိမ်မှာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကြောင့် နားကောကျေးရွာသည် လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်ပါသည်။ ဒုတိယဝင်ငွေရလုပ်ငန်းမှာ မွေးမြူရေးလုပ်ငန်းဖြစ်ပြီး ကျွဲနွားအကောင် (၁၅)အထက်ရှိသော စုစုပေါင်းအိမ်ခြေ(၆)အိမ်ရှိပြီး ကျန်အိမ်ထောင်စုအများစုမှာ တိရစ္ဆာန်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ကျပန်းအလုပ်လုပ်ကိုင်သူ အိမ်ခြေ(၁၀)အိမ်ရှိပါသည်။ အိမ်ဆိုင် လုပ်ငန်းလုပ်ကိုင်သူ အိမ်ခြေ(၃)အိမ်၊ ပညာရေးဝန်ထမ်း(၁)ဦးနှင့် ဘာသာရေး(၄)ဦး၊ အနုပညာ(၁)ဦး တို့ရှိပါသည်။

